# မြန်မာ့အမျိုးသမီးသမဂ္ဂ

မေလ၊၂၀၂၅ ခုနှစ်

## "အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး ၉၂ ဦး သတ်ဖြတ်ခံရ။"




မေလ (၁၂) ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ အိုးထိန်းတွင်းကျေးရွာ စာသင်ကျောင်းအား အကြမ်းဖက် စစ်တပ်မှ လေကြောင်း တိုက်ခိုက်မှု။




မေလ (၁၃) ရက်နေ့တွင် ရသေ့တောင်မြို့နယ်၊ ထွန်းရဝေရွာဟောင်းအား အကြမ်းဖက် စစ်တပ်မှ လေကြောင်း တိုက်ခိုက်မှု။

| သတ်ဖြတ်ခံရသူ - ၉၂ ဦး | ထိခိုက်ဒဏ်ရာရရှိသူ - ၈၁ ဦး |
|---|---|


အကြမ်းဖက် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၄) နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက်ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့် အမျှ အသက်ဆုံးရှုံးနေရသည်။ ၂၀၂၅ ခုနှစ် မေလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၉၂) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှတ်တမ်းမှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများ ကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

| အကြောင်းအရာ | သတ်ဖြတ်ခံရသူ အရေအတွက် | ထိခိုက်ဒဏ်ရာရသူ အရေအတွက် |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၈၁ | ၇၀ |
| လက်နက်ကြီး ပစ်ခတ်ခံရမှု | ၄ | ၇ |
| သတ်ဖြတ်ခံရမှု | ၄ | ၀ |
| အကျဉ်းထောင်တွင်း ဆေးဝါးကုသခံယူခွင့် မရရှိမှု | ၁ | ၀ |
| မြေမြှုပ်မိုင်း | ၀ | ၃ |
| လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု | ၂ | ၁ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ် မေလအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၉၂)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံး ရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၈၁)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၄) ဦးနှင့် အကြမ်းဖက် စစ်တပ်၏ သတ်ဖြတ်မှုကြောင့် (၄) ဦး ၊ အကျဉ်းထောင်တွင်း ဆေးဝါးကုသခံယူခွင့် မရရှိမှုကြောင့် (၁) ဦးနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် (၂) ဦးတို့ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၉၂) ဦးထဲမှ ( ၂၉) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၈၁)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၇၀)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၇)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၃)ဦး၊ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် မေလအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်း ဒေသကြီးမှ (၄၁) ဦး၊ ရခိုင်ပြည်နယ်မှ (၁၆) ဦးနှင့် မန္တလေးတိုင်းဒေသကြီးမှ (၁၄) ဦး တို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်း ဒေသကြီးသည် ၂၀၂၅ ခုနှစ် မေလအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။